**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၁၈ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

**လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန်များ ထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈-၁၂-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၅၅ / ၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် " **လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်** " ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

( ၁ ) နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကိုရှေးရှု၍ ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာမူဝါဒများ ချမှတ်ခြင်းနှင့် အကြံပြုခြင်းများဆောင်ရွက်ရန်၊

( ၂ ) နိုင်ငံတော်အတွက် သင့်လျော်သည့် စွမ်းအင်အမျိုးအစားအလိုက် သုံးစွဲမှုအချိုးအစား (Energy Mix) သတ်မှတ်နိုင်ရေး အကြံပြုရန်၊

( ၃ ) အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်နှင့်စွမ်းအင်များ ထုတ်ယူသုံးစွဲရာတွင် အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ရန်၊

( ၄ ) တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် နည်းပညာနှင့် ငွေကြေးဆိုင်ရာပံ့ပိုးမှုများရရှိနိုင်ရေး စီမံဆောင်ရွက်ရန်၊

( ၅ ) ကျေးလက်ဒေသစွမ်းအင်သုံးစွဲရာတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးသော သုံးစွဲမှုနည်းစနစ်ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ရန်၊

( ၆ ) အိမ်သုံးဆိုလာနှင့် အသေးစားဆိုလာစနစ်များ ကျယ်ပြန့်စွာသုံးစွဲနိုင်စေရေးအတွက် လိုအပ်သောပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းကိရိယာများကို ပြည်ပမှတင်သွင်းရာတွင် လျင်မြန်ချောမွေ့စေရေး လိုအပ်သည်များ ပံ့ပိုးပေးရန် နှင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ တိုးတက်အောင်ဆောင်ရွက်ရန်၊

( ၇ ) လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်း၊ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာစေရေး စီမံဆောင်ရွက်ရန်၊

( ၈ ) ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေခြင်းနှင့် တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ရန်၊

(၉) ပြန်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် အရေးပါသည့် ဆိုလာ၊ ရေအား၊ လေအားသုံး နည်းပညာများဖွံ့ဖြိုးရေး၊ ဆိုလာစနစ်သုံးပစ္စည်း ပြည်တွင်းတွင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(၁၀) နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသော စွမ်းအင်အသွင်ကူးပြောင်းရေး (Energy Transition) လုပ်ငန်းများကို လေ့လာသုံးသပ်၍ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် စွမ်းအင် လောင်စာအစားထိုးသုံးစွဲရေးနှင့် စွမ်းအင်အမျိုးအစားအသစ်များ တိုးတက်သုံးစွဲနိုင်ရေး လိုအပ်သောလမ်းညွှန်မှုများ ဆောင်ရွက်ပေးရန်၊

(၁၁) ဈေးနှုန်းသတ်မှတ်ရာတွင် သုံးစွဲသူများလက်လှမ်းမီရေးနှင့် ရင်းနှီးမြှုပ်နှံသူများ ရေရှည် လုပ်ငန်းဆောင်ရွက်နိုင်ရေး လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(၁၂) လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်ပညာ၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(၁၃) ကော်မရှင်သည် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော ပြည်တွင်း၊ ပြည်ပပညာရှင်များကို ခန့်ထားခြင်းနှင့် အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ရန်၊

(၁၄) လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဌာန(Research and Development Centre) ထူထောင်ရေးဆောင်ရွက်ရန်၊

(၁၅) လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးနယ်ပယ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်ရေး မြှင့်တင် ဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး